## ပါစကားအဖိတ်ညပုပ်ရဟန်းမင်းကြီး၏ဩဝါဒ

ရဟန်းမင်းကြီးဖရန်စစ်သည် စနေနေ့ကြီးည (သို့) ပါစကားအဖိတ်ညဂတ်ပြုခြင်းအစီအစဉ်ကိုဦး ဆောင်ခဲ့သည်။ ထိုဂတ်ပြုခြင်းအစီအစဉ်ကိုစိန့်ပီတာဘုရားကျောင်းတော်ကြီးတွင်ဘာသာတူများမပါဘဲ တိတ်ဆိတ် စွာကျင်းပခဲ့သည်။ ပါစကားအဖိတ်ညမစ္ဆားသည်အလွန်ခမ်းနားပြီး၊ အနှစ်သာရပြည့်ဂလု သော ဓမ္မဟောင်း၊ဓမ္မသစ်ကာလနှစ်ခုကိုတွဲစပ်ပေးသောညဖြစ်သည်။ ရဟန်း မင်းကြီး၏ဩဝါဒကိုသေခြင်းမှထမြောက်သောယေဇူးသခင်၏ရာစုတိုင်းမှတပည့်တော်တိုင်းကို ပေးသောလက်ဆောင်နှစ်ခု ဖြစ်သော မျှော်လင့်ခြင်းနှင့်သတ္တိအပေါ်ထောက်ရှုထားသည်။

## ပထမဆုံးသောသန့်ရှင်းသောစနေနေ့ကြီး

ပထမဆုံးသောသန့်ရှင်းသောစနေနေ့ကြီး၌အလွန်တက်ကြွလှုပ်ရှားနေကြသူများမှာအမျိုးသမီး ကြီးများဖြစ်သည်။ ယခုနှစ်၌၄င်းတို့၏အဖြစ်သည်ကျွန်ုပ်တို့၏အဖြစ်နှင့်တူနေပါသည်။ အဘယ်ကြောင့် ဆိုသော် ၄င်း တို့မျက်စိအောက်၌ပင်ကြေကွဲဖွယ်သောအနိဌာရုံမြင်ကွင်းကိုမြင်တွေ့နေရသည်။ ထို အ ဖြစ်အ ပျက် သည်၄င်းတို့လုံးဝမမျှော်လင့်ထားသောအဖြစ်အပျက်ဖြစ်နေသည်။ သူတို့ချစ် ကြည်ညို၍ ယုံကြည်ရသောဆရာသမား၏သက်တော်ကုန်ဆုံးခြင်းကိုမျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသည်။ ထိုမြင်ကွင်းသည်၄င်းတို့၏စိတ်နှလုံးကိုအလွန်ကြေကွဲစေခဲ့သည်။

ထိုသို့စိတ်ထိခိုက်ကြေကွဲဖွယ်သောအခြေအနေဖြစ်နေသော်လည်း အမျိုးသမီးများ သည်သတိ မလွတ်ခဲ့ကြ။ သတိကြီးစွာမြဲကြသည်။ ၄င်းတို့သည်အလွန်ရိုးရှင်းသောအမှုတစ်ခုကိုထူးခြားစွာပြုလုပ်ခဲ့ ကြသည်။ ထိုအမှုကားသက်တော်ကုန်ဆုံးနေသောယေဇူး၏ခန္ဓာတော်အားလိမ်းကျံပေးရန်လိုအပ်သော အမွှေး နံ့သာ အားအိမ်မှပြင်ဆင်လာခဲ့ကြသည်။ ယေဇူးသက်တော်ကုန်ဆုံးသွား၍ယေဇူးသခင်အပေါ်ထားရှိသောမျှော်လင့်ချက်၊ ချစ်ခြင်းရပ်တန့်မသွားခဲ့။ အမှောင်ထုအုပ်မိုးသကဲ့သို့ဖြစ်နေခဲ့ချိန်၊ မျှော်လင့်ချက်ရိုက်ချိုး ဖျက်စီးခံလိုက်ရသော်လည်း၄င်းတို့သည်သနားခြင်းမီးပွားကိုရအောင်ထွန်းညှိခဲ့ကြသည်။ အခြား သောအမျိုးသမီးဖြစ်သည့်အမိမယ်တော်သည် တစ်နေ့တာကိုဆုတောင်းခြင်းဖြင့်ဖြတ် သန်း ခဲ့သည်။ ထိုနေ့သည်တစ်ချိန်၌သူ့အားဂုဏ်ပြုခံရမည့်နေ့ဖြစ်လာမည်ဖြစ်သည်။ ယေဇူး သခင် သည် မြေ၌ကြဲချလိုက်သောမျိုးစေ့တစ်စေ့နှင့်တူ၏။ ကြဲချရခြင်းကားအပင်ပေါက် လာစေရန်၊ ထို့နောက် ကမ္ဘာကြီးအားပန်းပွင့်များဖြင့်အလှဆင်ရန်၊ ထို့အတူ ဤအမျိုးသမီးများသည် ဆုတောင်းခြင်းနှင့် ချစ်ခြင်း၌ထိုမျှော်လင့်ခြင်းပန်းပွင့်လာစေရန်ကူညီပေးနေသည်။

## အာရုံဦးနှင့်အတူမျှော်လင့်ချက်ရောင်ခြည်လာသည်

အာရုံဦးနှင့်အတူမျှော်လင့်ချက်ရောင်ခြည်ရောက်လာသည်။ ထိုမျှော်လင့်ချက်ရောင်ခြည်ကား အမျိုး သမီး များဆုံဆည်းခဲ့သည့်ယေဇူးသခင်၏အသွင်ဖြင့်ရောက်လာသည်။ မကြောက်နှင့်။ ကြောက် စိတ် မမွေး နှင့်။ ဤစကားသည်မျှော်လင့်ချက်ကိုမွေးဖွားပေးသောစကားဖြစ်သည်။ ဤစကားယနေ့ ကျွန်ုပ်တို့အားပြောကြားနေပါသည်။ မျှော်လင့်ခြင်းသည်ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ ဘုရားသခင် ထံမှလာ သည်။ မျှော်လင့်ခြင်း ဟုဆိုရာ၌အကောင်းမြင်တတ်ခြင်းကိုဆိုလိုသည်မဟုတ်။ ကောင်း ကင်မှ ဆုလာဒ် တော်ဖြစ်သည်။ ထိုဆု လာဒ်သည်ကျွန်ုပ်၏တော်တတ်ခြင်းကြောင့်ရခြင်းမဟုတ်။ ပြီးခဲ့ သော အပတ် က အရာအားလုံးကောင်း သွားမည် ဟုသီဆိုခဲ့ကြသည်။ အချိန်ကာ လရွေ့လျား သွားသည်နှင့် ထိုသေချာလွန်းသောမျှော်လင့်ချက်သည် ဖယိုဖရဲဖြစ်သွားနိုင်သည်။

ယေဇူး သခင်၏ မျှော်လင့် ခြင်းသည် အသွင်ကွဲ၏။ ဘုရား သခင်သည် မည်သည့်အခြေအနေမှ မဆိုအကောင်းဖြစ်ပေါ်လာ အောင်လုပ် ဆောင် နိုင် သည်ကိုကျွန်ုပ်တို့၏နှလုံးသားထဲ၌ ထည့်သွင်းပေးသည်။ အ ဘယ်ကြောင့် ဆိုသော် အသေ ကောင် သာရှိသောသချိုင်းဂူမှလည်းအသက်ရှင် သန် ခြင်း ကိုပြန်ရစေသည်။ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည်အဘယ်သူမျှမျှော်လင့်မထားသောနေရာမှ ထိုးထွက်လာခြင်း ဖြစ်သည်။ သချိုင်း ဂူပေါက်ဝကို ချိပ်ပိတ်ထား သောကျောက်တုံး ကြီးကို တွန်းဖယ် ပစ်နိုင်သောသူသည် ကျွန်ုပ် တို့၏နှလုံးသားကိုပိတ်ဆို့ထားသောကျောက်တုံးကြီးကိုဖယ်ရှားပစ်နိုင်ပါသည်။ သူ သည်ကျွန်ုပ်တို့ကိုစွန့် မည်မဟုတ်။ ကျွန်ုပ်တို့ထံလာရောက်လည်ပတ်မည်။ ကျွန်ုပ်တို့၏နာကျင်မှု၊ ဝေ ဒနာ၊ သေခြင်း၏အ ခြေအနေထဲသို့ဝင်ရောက်လာမည်။ သူ၏ အလင်း သည်ဂူ၏ အမှောင်ထုကိုခွင့်မည်။ ယနေ့ယေဇူးသခင် သည်ထို အလင်းဖြင့် ပိန့်ပိန့်မှောင် နေသောကျွန်ုပ်တို့ အသက်တာ၏ အမှောင်ထုကိုလည်းထိုးခွင်းရန်လိုလားသည်။

## သတ္တိ

ယေဇူးသခင်၏လက်ဆောင်ဖြစ်သောသတ္တိကိုခံယူနိုင်ရန်မှာကျွန်ုပ်တို့၏နှလုံးသား၌ရှိနေသောကျောက်စရစ်ခဲကိုပင်ဖယ်ရှားပစ်နိုင်မှရမည်။သေခြင်းမှပြန်ရှင်သောသခင်၏အလင်းတော်သည် ကြောက် အားပိုနေသောကျွန်ုပ်တို့၏နှလုံးသားကိုခွင်းဖောက်နိုင်သည်။ ယေဇူးသခင်သည်တပည့်တော် ကြီးများ ထက်ပင်ဦး၍ဂါလီလေယာနယ်သို့ပြန်ကြွသွားနိုင်သကဲ့သို့၊ သူသည်ကျွန်ုပ်တို့ရှေ့မှကြွလျှက်ရှိ သည်။ ဤသို့ဖြင့်ယေဇူးသခင်သည်ကျွန်ုပ်တို့၏ဘဝ၌လည်းကောင်း၊ သေခြင်း၌လည်းကောင်း၊ ရှေ့မှ ကြွသွားသည်ကိုသိစေသည်။ သူသည်ကျွန်ုပ်တို့ထက်ဦး၍ဂါလီလေယာနယ်သို့ကြွသွား၏။ ဂါလီလေယာ နယ်သည် ယေဇူးသခင်နှင့်တမန်တော်ကြီးတို့အတွက်နေ့စဉ်အသက်တာကိုဖြတ်သန်းရှင်သန်ခဲ့၊ ကြားသိ

မြင်တွေ ခဲ့ရသောနေရာဖြစ်သည်။ ယေရှုသခင်သည် နေ့စဉ်ဖြတ်သန်းသော အသက်တာမှ မျှော် လင့် ခြင်း ကိုတည်ဆောက်စေလိုသည်။ ထိုနေရာသည် တပည့်တော်ကြီးများ အတွက်လည်း အ မှတ်ရ စရာ များစွာရှိသောနေရာဖြစ်သည်။ အထူး သ ဖြင့် ၄င်း တို့သည် ပထမဦး စွာအ ခေါ်ခံ ခဲ့ရသော နေရာ ဖြစ်သည်။ ဂါလီလေ ယာနယ် သို့ပြန်ကြွသွားခြင်းသည် ထိုအမှတ်တရများကို ပြန်လည် သတိရ စေရန်ဖြစ်သည်။

## စေလွှတ်ခြင်း

ဂါလီယာသည်သန့်ရှင်းသောမြို့ဟုလည်းဆိုလိုသည်။ ထိုမြို့သည်ဘာသာခြားများလည်းနေထိုင်ကြ သည်။ ယေရှုသခင်ရှင်ပြန်ထမြောက်ပြီးနောက်ထိုဒေသများသို့တပည့်တော်များ ကိုစေလွှတ်ခဲ့သည်။ ဤသို့စေလွှတ်ခဲ့ခြင်းမှာ မျှော်လင့်ခြင်းသတင်းကောင်းသည်တစ်နေရာတည်း၊ လူတစ်စုအတွက် သာမ ဖြစ်ရဟုဆိုလိုသည်။ လူတိုင်းအတွက်ဖြစ်ရမည်။ နေထိုင်သောဒေသနှင့်မဆိုင်။ လူမျိုးနှင့်မဆိုင် ပေ။ ကျွန်ုပ် တို့ ခရစ်ယာန်များသည် ဂါလီလေယာကဲ့သို့သောနယ်များသို့ အသက်ကိုသယ်ဆောင်ရန်လို သည်။ အသက်ပေးနှုတ်တော်ထွက်စကားကိုတို့ထိမိပြီး၊ ထိုသီချင်းကို မဆိုလျှင် အဘယ်သူ သီဆိုမည် နည်း။ သေခြင်း၏အသံကိုတိတ်ဆိတ်သွားအောင်လုပ်ဆောင်ကြစို့။ စစ်ကိုရပ်တန့်ကြစို့။ စစ်လက်နက် များထုတ်လုပ်ရောင်းချခြင်းကိုရပ်တန့်ကြစို့။ ၄င်းတို့ကိုဂယ်ယူရန်ထက်အစားအစာများကိုအရေးတကြီး လိုအပ်နေသည်။ သန္ဓေသားများနှင့်အပြစ်မဲ့သောအသက်များကိုသတ်ဖြတ်ခြင်းကိုရပ်တန့်ကြစို့။ လို အပ်သည့်အရာများပင်မပိုင်ဆိုင်နိုင်သောလက်ဗလာဖြစ်နေသူများ၏လက်ကိုအပြည့်ဖြည့်ပေးကြစို့။

## ပွေ့ဖက်ခြင်း

အမျိုးသမီးတို့သည်ရှင်ပြန်ထမြောက်သောယေရှုသခင်၏ခြေတော်ကိုပွေ့ဖက်ကြသည်။ ထိုခြေ တော် သည် သေခြင်းကိုနင်းခြေခဲ့သောခြေတော်ဖြစ်ပြီး၊ မျှော်လင့်ချက်လမ်းကြောင်းဆီသို့ဦးတည်သော ခြေ များ ဖြစ်သည်။ အိုယေရှု၊ ယနေ့မျှော်လင့်ခြင်းကိုလိုက်လံ ရှာဖွေနေသောဘုရားဖူး များအနေဖြင့် ကိုယ်တော့် ကိုပွေ့ဖက် ကြပါသည်။ သေခြင်းကိုကျော ပေး၍ကျွန်ုပ်တို့၏ နှလုံးသားများကို ကိုယ်တော့် အားဖွင့်ဟနိုင်စေတော်မူ ပါ။ အဘယ်ကြောင့် ဆိုသော်ကိုယ် တော်သည် ကျွန်ုပ်တို့၏ အသက် တာဖြစ်ပါသည်။

## ဖာသာရ်ကလဲမင့်အားတယ်